


## အလုပ်ခန့်ထားရေးစာချုပ် ဖျက်သိမ်းခြင်း

အလုပ်ရှင်နှင့် အိမ်အကူနှစ်ဦးအနက် တစ်ဦးဦးက တစ်လကြိုတင်အကြောင်းကြားခြင်း သို့မဟုတ် အကြောင်းကြားခြင်းအစား တစ်လစာ လုပ်ခလစာပေးခြင်းဖြင့် အလုပ်ခန့်ထားရေးစာချုပ်ကို ဖျက်သိမ်းနိုင်သည်။



အလုပ်ခန့်ထားရေးစာချုပ် ဖျက်သိမ်းချိန် ငွေပေးချေခြင်းတွင် အောက်ပါတို့ ပါဝင်နိုင်သည် -

- ပေးရန်ကျန်ရှိနေသေးသော လုပ်ခလစာများ၊
- အကယ်၍ရှိလျှင် အကြောင်းကြားမှုအစား ငွေပေးချေခြင်း၊
- ခွင့်ယူထားခြင်းမရှိသော နှစ်ပတ်လည်ခွင့်တစ်ခုခုအစား လုပ်ခလစာပေးခြင်း၊
- သင့်လျော်ပါက ကာလရှည်ဝန်ဆောင်မှုအတွက် ဂုဏ်ပြုငွေပေးခြင်း/ စာချုပ်သက်တမ်းမစေ့မီ ရပ်ဆိုင်းခြင်းအတွက် ငွေပေးချေခြင်းနှင့်
- အလုပ်ခန့်ထားရေးစာချုပ်အရ အခြားသော ငွေပမာဏ တစ်ခုခု၊ ဥပမာ အခမဲ့အိမ်ပြန်စရိတ်၊ အစားအစာနှင့် ခရီးသွားလာမှုဆိုင်ရာ ထောက်ပံ့ကြေး စသည်ဖြင့်။



## စာချုပ်သက်တမ်းမစေ့မီ ရပ်ဆိုင်းခြင်းအတွက် ငွေပေးချေခြင်း

နိုင်ငံရပ်ခြားအိမ်အကူတစ်ဦးသည် စာချုပ်သက်တမ်းမစေ့မီ ရပ်ဆိုင်းခြင်းအတွက် လုပ်ခလစာကို အောက်ပါအခြေအနေတွင် ခံစားခွင့်ရှိသည် -

- အလုပ်ရပ်ဆိုင်းခံရခြင်းမတိုင်မီ အလုပ်ရှင်တစ်ဦးတည်းထံတွင် 24 လထက်မနည်း အလုပ်တာဝန် ထမ်းဆောင်ဖူးသည်။
- ပိုလျှံဝန်ထမ်းဟူသော အကြောင်းပြချက်ဖြင့် စာချုပ်သက်တမ်း ထပ်မံမတိုးတော့ခြင်း သို့မဟုတ် အလုပ်ထုတ်ခြင်းခံရသည်။



## ကာလရှည်ဝန်ဆောင်မှုအတွက် ဂုဏ်ပြုငွေပေးခြင်း



နိုင်ငံရပ်ခြားအိမ်အကူတစ်ဦးသည် အလုပ်ရပ်ဆိုင်းခံရခြင်းမတိုင်မီ အလုပ်ရှင်တစ်ဦးတည်းထံတွင် 5 နှစ်ထက်မနည်း တာဝန် ထမ်းဆောင် ဖူးပြီး အောက်ပါအခြေအနေများတွင် သူ/ သူမသည် ကာလရှည်ဝန်ဆောင်မှုအတွက် ဂုဏ်ပြုငွေပေးခြင်းကို ခံစားပိုင်ခွင့် ရှိသည် -

- ဆိုးရွားစွာ မှားယွင်းဆောင်ရွက်မှုနှင့် ပိုလျှံဝန်ထမ်းဟူသော အကြောင်းပြချက် မဟုတ်ဘဲ အခြားအကြောင်းပြချက်ဖြင့် စာချုပ်သက်တမ်းထပ်မံမတိုးတော့ခြင်း သို့မဟုတ် အလုပ်ထုတ်ခံရခြင်း
- ကျန်းမာရေးမကောင်းမွန်မှုကြောင့် အလုပ်ထွက်ခြင်း
- အသက်အရွယ် အိုမင်းမှုကြောင့် အလုပ်ထွက်ခြင်း (၆၅ နှစ်နှင့် အထက်ကို ဆိုလိုသည်) သို့မဟုတ်
- တာဝန်ထမ်းဆောင်နေစဉ်အတွင်း သေဆုံးခြင်း

## ကာလရှည်ဝန်ဆောင်မှုအတွက် ပေးသော ဂုဏ်ပြုငွေပမာဏ/ စာချုပ်သက်တမ်းမစေ့မီ ရပ်ဆိုင်းခြင်းအတွက် ပေးသော ငွေပမာဏ



**လစဉ်လုပ်ခလစာ x 2/3**
**x လုပ်သက်နှစ်များ**

လုပ်သက်မပြည့်သော တာဝန်ထမ်းဆောင်မှုကို အချိုးချတွက်ချက်ပေးသင့်သည်။

နိုင်ငံရပ်ခြားအိမ်အကူတစ်ဦးသည် စာချုပ်သက်တမ်းမစေ့မီ အလုပ်ရပ်ဆိုင်းခြင်းအတွက် အလုပ်ရှင်မှ ပေးအပ်ရသည့် လျော်ကြေးငွေ သို့မဟုတ် ကာလရှည်ဝန်ဆောင်မှုအတွက် ဂုဏ်ပြုငွေပေးခြင်း တစ်ခုခုကိုသာ ခံစားခွင့်ရှိသည်။

အထက်ပါ သတင်းအချက်အလက်များသည် အဓိက တရားဝင်ဥပဒေပြဋ္ဌာန်းချက်နှင့် နိုင်ငံရပ်ခြားအိမ်အကူများ အနေဖြင့် စိုးရိမ်လေ့ရှိသည့် စာချုပ်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များ၏ အသားပေး ဖော်ပြချက်များကိုသာ စီစဉ်တင်ပြထားခြင်းဖြစ်သည်။ သင်၏ အလုပ်ခန့်ထားရေးဆိုင်ရာ ရပိုင်ခွင့်များနှင့် အကျိုးခံစားခွင့်ဆိုင်ရာ အသေးစိတ် အချက်အလက်များအတွက် "နိုင်ငံရပ်ခြားအိမ်အကူများ၏ အလုပ်ခန့်ထားရေးဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်" သို့မဟုတ် အလုပ်သမားဦးစီးဌာန၏ အလုပ်သမားရေးရာ ဆက်ဆံရေးဌာနရုံးခွဲများမှ ရရှိနိုင်သော "အလုပ်ခန့်ထားရေး ပြဋ္ဌာန်းဥပဒေလမ်းညွှန် အနှစ်ချုပ်" ကို ကိုးကားပါ။



မေးမြန်းစုံစမ်းမှု အထူး ဖုန်းလိုင်း (ထိုအထူးဖုန်းလိုင်းသည် "1823" မှဖြေဆိုသည်)

2717 1771
2157 9537 (နိုင်ငံရပ်ခြား အိမ်အကူများအတွက် ရည်ရွယ်သော အထူးဖုန်းလိုင်းနံပါတ်)



ပင်မစာမျက်နှာ လိပ်စာ -

www.labour.gov.hk www.fdh.labour.gov.hk

အလုပ်သမားဆက်ဆံရေးဌာနရုံးများသို့ လူကိုယ်တိုင် စုံစမ်းမေးမြန်းခြင်း:

| HONG KONG | |
|---|---|
| **Hong Kong East**<br>12/F., 14 Taikoo Wan Road, Taikoo Shing, Hong Kong. | **Hong Kong West**<br>3/F., Western Magistracy Building, 2A Pokfulam Road, Hong Kong. |
| **KOWLOON** | |
| **Kowloon South**<br>2/F., Mongkok Government Offices, 30 Luen Wan Street, Mong Kok, Kowloon. | **Kowloon West**<br>Room 1009, 10/F., Cheung Sha Wan Government Offices, 303 Cheung Sha Wan Road, Sham Shui Po, Kowloon. |
| **Kowloon East**<br>UGF, Trade and Industry Tower, 3 Concorde Road, Kowloon. | **Kwun Tong**<br>Units 801-806, 8/F., Tower 1, Millennium City 1, 388 Kwun Tong Road, Kwun Tong, Kowloon. |
| **NEW TERRITORIES** | |
| **Sha Tin & Tai Po**<br>Rooms 304-313, 3/F., Sha Tin Government Offices, 1 Sheung Wo Che Road, Sha Tin, New Territories. | **Kwai Chung**<br>6/F., Kwai Hing Government Offices, 166-174 Hing Fong Road, Kwai Chung, New Territories. |
| **Tsuen Wan**<br>5/F., Tsuen Wan Government Offices, 38 Sau Lau Kok Road, Tsuen Wan, New Territories. | **Tuen Mun**<br>Unit 2, East Wing, 22/F., Tuen Mun Central Square, 22 Hoi Wing Road, Tuen Mun, New Territories. |

သက်ဆိုင်ရာရုံးများ၏ လိပ်စာများသည် အပြောင်းအလဲ ရှိနိုင်ပါသည်။ အသေးစိတ် အချက်အလက်များအတွက် ကျေးဇူးပြု၍ ဝဘ်စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုပါ။ www.labour.gov.hk/eng/tele/lr1.htm

**နိုင်ငံရပ်ခြားအိမ်အကူအလုပ်သမားများနှင့် ပက်သက်သော အကြောင်းကိစ္စများအတွက် အီးလ်မေးလိပ်စာ** - fdh-enquiry@labour.gov.hk

Myanmar Language version 緬甸文版本

# နိုင်ငံရပ်ခြားအိမ်အကူများ

## အလုပ်ခန့်ထားရေးဆိုင်ရာ ဥပဒေအရရပိုင်ခွင့်များနှင့် ကာကွယ်စောင့်ရှောက်မှု



勞工處
Labour Department




## နိုင်ငံရပ်ခြားအိမ်အကူများအတွက် စံပြအလုပ်ခန့်ထား ရေးစာချုပ်

စံပြအလုပ်ခန့်ထားရေးစာချုပ်သည် ဟောင်ကောင်ရှိ နိုင်ငံရပ်ခြားအိမ်အကူများ၏ အလုပ်ခန့်ထားရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းနှင့် သတ်မှတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ ၎င်းသည် နိုင်ငံရပ်ခြား အိမ်အကူများအား အလုပ်ခန့်အပ်ရန်အလို့ငှာ ဟောင်ကောင် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အစိုးရမှ အသိအမှတ်ပြုထားသည့် တစ်ခုတည်းသော အထောက်အထား စာရွက်စာတမ်း ပင်ဖြစ်သည်။

စံပြအလုပ်ခန့်ထားရေးစာချုပ်အရ နိုင်ငံရပ်ခြားအိမ်အကူများသည် အောက်ပါတို့ကို ခံစားပိုင်ခွင့်ရှိသည် -



- တရားဝင် လက်ခံနိုင်သော အနိမ့်ဆုံးလုပ်ခလစာ (အပိုဒ်ခွဲ 5(a))
- အလုပ်ရှင်မှ အစားအစာအတွက် ထောက်ပံ့ခြင်းမပြုပါက အစားအစာအတွက် ထောက်ပံ့ကြေး (အပိုဒ်ခွဲ 5(b))
- အခမဲ့နေထိုင်တည်းခိုရန်နေရာ (အပိုဒ်ခွဲ 5(b))
- ၎င်းတို့၏ နေထိုင်ရာနေရာမှ အသွားအပြန် အခမဲ့ခရီးစရိတ် (အပိုဒ်ခွဲ 7(a))
- ဆေးဝါးကုသမှုဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်း၊ ဆေးရုံတွင် ရောဂါကုသမှုခံယူခြင်းနှင့် အရေးပေါ် သွားကုသမှု ခံယူခြင်းအပါအဝင် အခမဲ့ ဆေးဝါးကုသမှု (အပိုဒ်ခွဲ 9(a))
- အလုပ်ရှင်မှ ကုန်ကျသည့် ခရီးသွားလာစရိတ်ကိုပေးသည့် သို့မဟုတ် မပေးသည့် နေရပ်ပြန်ခွင့် (အပိုဒ်ခွဲ 13)

## တရားဝင်လက်ခံနိုင်သော အနိမ့်ဆုံးလုပ်ခလစာ

အလုပ်ရှင်များသည် စာချုပ်အား လက်မှတ်ထိုးသည့် အချိန်မှစ၍ ၎င်းတို့၏ အိမ်အကူအား ကာလပေါက်ဈေးဖြစ်သည့် တရားဝင်လက်ခံနိုင်သော အနိမ့်ဆုံးလုပ်ခလစာထက်မနည်း ပေးရမည်ဖြစ်သည်။



## လုပ်ခလစာပေးခြင်း




လုပ်ခလစာများကို လုပ်ခလစာပေးရမည့် ကာလပြီးဆုံးပြီးနောက် သို့မဟုတ် စာချုပ် ဖျက်သိမ်းပြီးနောက် 7 ရက်ထက်နောက်မကျဘဲ ပေးချေသင့်သည်။



## လုပ်ခလစာများလျှော့ပေါ့ပေးအပ်ခြင်း

အကယ်၍ လက်ခံရရှိသည့် လုပ်ခလစာများသည် အလုပ်ခန့်ထားရေး စာချုပ်တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် လစာထက် လျော့နည်းနေပါက အိမ်အကူအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်သင့်သည် -

- အလုပ်ရှင်အား လစာနှုန်းထားအမှန်ကို ရှင်းလင်းအောင် မေးမြန်းခြင်း၊
- ငွေမပေးသည့် လုပ်ခလစာ ပြေစာကို အသိအမှတ် မပြုခြင်းနှင့်
- လစာလျှော့ပေးခြင်းဖြစ်လာခဲ့လျှင် ဖြစ်နိုင်သမျှ ချက်ခြင်း အလုပ်သမားဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း။



## လုပ်ခလစာများဖြတ်တောက်ခြင်း

အောက်ပါအကြောင်းအရင်းများမှလွဲ၍ လုပ်ခလစာများဖြတ်တောက်ခြင်းကို တားမြစ်သည် -

- အလုပ်ရှင်၏ ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်မှုများသည် အိမ်အကူ၏ ပေါ့လျော့မှုနှင့် အမှားအယွင်းကြောင့် ပျက်စီးဆုံးရခြင်း။ ယင်းကိစ္စတစ်ခုစီအတွက် လုပ်ခလစာဖြတ်တောက်ခြင်းသည် ဟောင်ကောင်ဒေါ်လာ 300 ထက် မပိုရပါ၊
- ပျက်ကွက်သည့် ကာလနှင့် အချိုးကျသော စုစုပေါင်းပမာဏထက် မပိုသော အလုပ်မှ ပျက်ကွက်ခြင်း၊
- ကြိုတင်ပေးထားသည့် လုပ်ခလစာ သို့မဟုတ် ပိုပေးထားသည့် လုပ်ခလစာများအား ပြန်လည်ရယူခြင်းနှင့်
- အိမ်အကူ၏ စာဖြင့် ရေးသား တောင်းခံမှုတို့ဖြင့် အိမ်အကူကို ထုတ်ပေးထားသည့် ချေးငွေကို ပြန်လည်ရယူခြင်း၊ စသည်ဖြင့်။

အလုပ်ပျက်ကွက်ခြင်းကြောင့်လစာဖြတ်တောက်ခြင်းမှလွဲ၍လုပ်ခလစာများဖြတ်တောက်မှု ပမာဏစုစုပေါင်းသည် ထိုလုပ်ခလစာကာလအတွက် ပေးအပ်ရမည့် လစာပမာဏ၏ တစ်ဝက်ထက် ပိုလွန်ခြင်းမရှိရပါ။



## နားရက်များ

နိုင်ငံရပ်ခြားအိမ်အကူတစ်ဦးသည် -

- ရက်တာကာလတိုင်းတွင် နားရက် ၁ ရက် ရရှိသင့်ပြီး
- နားရက်တွင် မိမိသဘောဆန္ဒအလျောက် အလုပ်တာဝန် ထမ်းဆောင်နိုင်သည်။

အလုပ်ရှင်တစ်ဦးသည် နားရက်တွင် အိမ်အကူအား အလုပ်တာဝန်ထမ်းဆောင်ရန် အတင်းအကျပ် စေခိုင်းခြင်းမပြုရပါ။



## ပြန်တမ်းဝင် အားလပ်ရက်များ

နိုင်ငံရပ်ခြားအိမ်အကူတစ်ဦး ခံစားပိုင်ခွင့်ရှိသည်မှာ -

- ပြန်တမ်းဝင် အားလပ်ရက်များနှင့်
- မည်သည့် တရားဝင် သတ်မှတ်ပြဋ္ဌာန်းထားသော အားလပ်ရက်များ၏ ရှေ့တွင် သူ/သူမ သည် 3 လ တာဝန်ထမ်းဆောင်ခဲ့ပြီးခဲ့လျှင် လစာပြည့်ရရှိသည့် အားလပ်ရက်များ။

ဥပဒေအရ တရားဝင် သတ်မှတ်ထားသော အားလပ်ရက်များ ပေးအပ်ခြင်းအစား လုပ်ခလစာ ပေးအပ်ခြင်းကို ခွင့်မပြုပါ။



အကယ်၍ ဥပဒေအရ တရားဝင် သတ်မှတ်ပြဋ္ဌာန်းထားသော အားလပ်ရက်များသည် နားရက်တွင် ကျရောက်ပါက နားရက်နှင့်ကပ်လျက် နောက်တစ်ရက်ကို အားလပ်ရက်အဖြစ် အစားပေးသင့်သည်။

အကယ်၍ နိုင်ငံရပ်ခြားအိမ်အကူသည် အားလပ်ရက်တွင် အလုပ်တာဝန် ထမ်းဆောင်ရန် လိုအပ်ပါက အစားပေးသည့် အားလပ်ရက်များကို တရားဝင် သတ်မှတ်ပြဋ္ဌာန်းထားသော အားလပ်ရက် မတိုင်မီ သို့မဟုတ် ပြီးနောက် ရက်ပေါင်း 60 အတွင်း စီစဉ်ပေးသင့်သည်။

## နှစ်ပတ်လည်ခွင့်



နိုင်ငံရပ်ခြားအိမ်အကူသည် တူညီသော အလုပ်ရှင်တစ်ဦးထံတွင် 12 လတာကာလ သက်တမ်းအတွက် အလုပ်တာဝန် ထမ်းဆောင် ပြီးစီးချိန်တိုင်း အောက်ပါနှုန်းထားအတိုင်း လစာပြည့်ရရှိသည့် နှစ်ပတ်လည်ခွင့်ကို ခံစားခွင့်ရှိသည် -

- ပထမဦးဆုံးနှင့်ဒုတိယနှစ် တာဝန်ထမ်းဆောင်မှုသက်တမ်းအတွက် 7 ရက်နှင့်
- တတိယနှစ်မှစတင်ကာ တစ်နှစ်လျှင် ခွင့်တစ်ရက်နှုန်း အမြင့်ဆုံး 14 ရက်အထိ တိုးပါသည်။



## နာမကျန်း ထောက်ပံ့ကြေး

နိုင်ငံရပ်ခြားအိမ်အကူသည် အောက်ပါအခြေအနေများတွင် နာမကျန်း ထောက်ပံ့ကြေး ခံစားပိုင်ခွင့်ရှိသည် -

- လစာပြည့်ရရှိသည့် နာမကျန်းခွင့်ရက်များ စုဆောင်းထားလျှင်၊;
- နာမကျန်းခွင့်ကို 4 ရက်တိုက် ယူထားခြင်းမရှိလျှင်၊ နှင့်
- သင့်လျော်သည့် ဆေးစာဖြင့် နာမကျန်းခွင့်ရှိလျှင်။

နေ့စဉ် နာမကျန်းခွင့်အတွက် ထောက်ပံ့ကြေးနှုန်းသည် အိမ်အကူ၏ ပျမ်းမျှ နေ့စဉ်လုပ်ခလစာ၏ ၅ ပုံ ၄ ပုံနှင့် ညီမျှသော ပမာဏဖြစ်သည် ။



## မီးဖွားခွင့်

နိုင်ငံရပ်ခြား အိမ်အကူတစ်ဦးသည် ကိုယ်ဝန်ရှိကြောင်းနှင့် မီးဖွားခွင့် ယူရန် ရည်ရွယ်ချက် ရှိကြောင်း အလုပ်ရှင်မှ အသိပေးထားပါက 14 ပတ် မီးဖွားခွင့် ရယူရန်အတွက် သတ်မှတ်ချက် ပြည့်မီပါသည်။ သက်ဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သူမ၏ ပျမ်းမျှ နေ့စဉ် လုပ်ခ ငါးပုံလေးပုံ နေ့စဉ်နှုန်းဖြင့် မီးဖွားခွင့် ခံစားခွင့်ရှိသည်။

ဝန်ထမ်း၏ ဆိုးရွားသော အကျင့်ပျက်ခြစားမှုကိစ္စမှလွဲ၍ အလုပ်ရှင်သည် ကိုယ်ဝန်ဆောင်၊ မီးဖွားခွင့် သို့မဟုတ် ဖျားနာခွင့်ကို ပေးဆောင်သော အကူတစ်ဦးအား အလုပ် ထုတ်ပယ်ခြင်းမှ တားမြစ်သည်။